ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားလွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၁၅ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

## ကျန်းမာရေးနှင့် အားကစားဆိုင်ရာကော်မတီဖွဲ့စည်းခြင်း

### ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ကျန်းမာရေးနှင့် အားကစားဆိုင်ရာကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာနိုင်လင်း | ကယားပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၉) | **ဥက္ကဋ္ဌ** |
| (ခ) | ဦးစိန်ဝင်းထွန်း | ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၃) | အဖွဲ့ဝင် |
| (ဂ) | ဦးခင်မောင်အေး | စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၆) | အဖွဲ့ဝင် |
| (ဃ) | ဦးကျင့်တုန်းမန် | ချင်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၇) | အဖွဲ့ဝင် |
| (င) | ဦးခင်မောင်ဝင်း | မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁) | အဖွဲ့ဝင် |
| (စ) | ဦးဝင်းလှိုင် | ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဆ) | ဦးကျော်ဝင်းဦး | ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၆) | အဖွဲ့ဝင် |
| (ဇ) | ဦးသောင်းရွှေ | ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၉) | အဖွဲ့ဝင် |
| (ဈ) | နိုင်ချမ်းတွဲ | မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၅) | အဖွဲ့ဝင် |
| (ည) | ဦးကျော်တင့် | မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (ဋ) | ဗိုလ်မှူးကြီးဆန်းသွင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဌ) | ဗိုလ်မှူးဝင်းမင်းထွန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်ကြီးဒေါ်ဖြူဖြူမောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်ကြီးဒေါ်ဖြိုးသီရိမွန် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာအမ်ဖော်လတ် (ခ)ဆမ်းမားကို့(စ်) | ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁) | **အတွင်းရေးမှူး** |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီအမည် ပြင်ဆင်ခြင်းနှင့် ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်ခြင်းတို့ဆောင်ရွက်နိုင်သည်။

**ကော်မတီအစည်းအဝေးများ**

၄။ ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

**ကော်မတီ၏ တာဝန်များ**

၅။ ကော်မတီ၏ တာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ကျေးလက်နှင့်မြို့ပြဒေသများတွင် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ (Primary Health Care) ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊

(ခ) အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ (Basic Health Care Services) ကို ငွေကြေးကုန်ကျမှုနည်းပါးစွာဖြင့် လူတိုင်းလက်လှမ်းမီစေသည့် သာတူညီမျှကျန်းမာရေးလွှမ်းခြုံမှုစနစ်တစ်ရပ် ထူထောင်နိုင်ရေး၊

(ဂ) နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများအားလုံး ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုများကိုအရည်အသွေးပြည့်မီစွာ ရရှိစေရန်၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ဆေးရုံများ၏ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေး မြှင့်တင်ပေးရေး၊

(ဃ) ဆေးရုံအခြေပြုကုသရေးလုပ်ငန်းနှင့် ပြည်သူလူထုအတွင်း ကွင်းဆင်းကုသမှုလုပ်ငန်းများကို အရည်အသွေးပြည့်မီစွာရရှိရန် ဆောင်ရွက်ပေးရေး၊

(င) ပြည်သူလူထု၏ လိုအပ်ချက်နှင့်ကိုက်ညီသော အရည်အသွေးပြည့်မီသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များလေ့ကျင့်သင်ကြားသည့်စနစ်၊ ထိန်းသိမ်းစောင့်ရှောက်ပေးသည့်စနစ်နှင့် လုပ်ရည်ကိုင်ရည် စီမံခန့်ခွဲမှုစနစ်များကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(စ) အမျိုးသားကျန်းမာရေးမူဝါဒနှင့်အညီ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊

(ဆ) ပြည်သူလူထုအနေဖြင့် အရည်အသွေးပြည့်ဝ၍ ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းများ ရရှိသုံးစွဲနိုင်ရေး၊

(ဈ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

(ဈ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအားကစားလှုပ်ရှားမှုကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး စိတ်ပါဝင်စားစွာ ပါဝင်လှုပ်ရှားရန်၊ (Mass Sport)

(ည) နိုင်ငံတကာအလယ်၌ နိုင်ငံတော်၏ဂုဏ်သိက္ခာကို အားကစားနည်းဖြင့် မြှင့်တင်နိုင်မည့် ထူးချွန်ထက်မြက်သော နိုင်ငံဂုဏ်ဆောင် အားကစားသမား လူရည်ချွန်များ မွေးထုတ်ရန်၊ (Excellent Sports)

(ဋ) အိုလံပစ်အားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲ၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာဖိတ်ခေါ်အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများရရှိစေရန်၊

(ဌ) နိုင်ငံတကာအဆင့်မီအားကစားကွင်း၊ အားကစားရုံ၊ ရေကူးကန်များကို တည်ဆောက်ရေးနှင့် ရေရှည်အသုံးပြုနိုင်အောင် ထိန်းသိမ်းပြုပြင်ဆောင်ရွက်ရန်၊

(ဍ) နိုင်ငံတကာအဆင့်မီ အားကစားပစ္စည်းများ၊ ဝတ်စုံများကို ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်အောင် ပြည်တွင်းတွင် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်၊

(ဎ) လူငယ်များကို ၎င်းတို့၏ရည်မှန်းချက်များနှင့် စိတ်ဝင်စားမှုများအား ဆောင်ရွက်နိုင်စေရန်အတွက် ကူညီပံ့ပိုးပေးရန်၊

(ဏ) လူငယ်ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များဖြင့် လူ့အဖွဲ့အစည်းအတွင်း လူငယ်များ ပါဝင်ဆောင်ရွက်မှုကို အားပေးရန်၊

(တ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့တင်ပြရန်၊

(ထ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်

ဆီလျော်ပါက အမိန့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရန်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၆။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ကော်မတီသည် မိမိတာဝန်များကို ဆောင်ရွက်ရာတွင် အစိုးရနှင့် အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်းကောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းတို့မှ ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်သည်၊

(ခ) ကော်မတီသည် အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သောပုဂ္ဂိုလ်များနှင့်ဖြစ်စေ၊ ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ ကျန်းမာရေးနှင့် အားကစားဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ လိုအပ်သောဒေသများသို့ အမျိုးသားလွှတ်တော်ရုံး၏ စီစဉ်မှုဖြင့် သွားရောက်လေ့လာဆောင်ရွက်နိုင်သည်၊

(ဂ) နိုင်ငံတော်အတွင်း ဖွဲ့စည်းထားရှိသော ကျန်းမာရေး၊ အားကစားနှင့်စပ်ဆိုင်သော အသင်းအဖွဲ့၊ အစည်းအရုံး၊ ကော်မတီအဖွဲ့အစည်းများသို့ သွားရောက်လေ့လာမေးမြန်းဆွေးနွေးနိုင်သည်၊

(ဃ) အစိုးရနှင့် အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများက ကော်မတီ သို့မဟုတ် ကော်မတီဝင်ထံသို့ ဆက်သွယ်လာလျှင် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်း ပြုလုပ်နိုင်သည်၊

(င) ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ တာဝန်ရှိသူများအား အမျိုးသားလွှတ်တော်ရုံးမှတစ်ဆင့် ဖိတ်ကြားဆွေးနွေးမှုပြုလုပ်နိုင်သည်၊

(စ) ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲ (Workshop)၊ စာတမ်းဖတ်ပွဲများ၊ အခြားဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများမှပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများသို့လည်း တက်ရောက်နိုင်သည်၊

(ဆ) ကော်မတီသည် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ အကြံဉာဏ်များရယူခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်သည်၊

(ဇ) ကော်မတီသည် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ပတ်သက်၍ ဆက်သွယ်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ သွားရောက်လေ့လာနိုင်ရန်ဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် စီစဉ်ဆောင်ရွက်ခွင့်ရှိသည်။ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရန်အချိန် မလုံလောက်ပါက ဆောင်ရွက်ချက်များကို လွှတ်တော်ဥက္ကဋ္ဌအား အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။

**ကော်မတီ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၇။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၈။ ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေ တစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) အောင်လင်းဒွေး

ဥက္ကဋ္ဌ